## ***Recall / Special Service Campaign***
## Toyota Hilux မော်ဒယ်အချို့တွင် Brake Booster စစ်ဆေးခြင်းနှင့် လဲလှယ်ပေးခြင်း
## (အမေး/အဖြေများ)

**မေး1: ဘယ်လိုပြဿနာရှိလဲ?**

**ဖြေ1:** ဤ Recall (သို့) Special Service Campaign တွင် ပါဝင်နေသည့် အချို့သောမော်တော်ကားများ၏ Brake Booster တွင် ပစ္စတင်၏ ပုံသွင်းမှုချို့ယွင်းချက်ကြောင့် ကြံ့ခိုင်မှုအားနည်းနေနိုင်ပါသည်။ ထိုအခြေအနေတွင် ဘရိတ်ခြေနင်းကို ထပ်ခါတလဲလဲ နင်းခြင်းကြောင့် ပစ္စတင်ကျိုးသွားနိုင်ပြီး၊ အဆိုးဆုံးအခြေအနေမှာ ကားမောင်းနေစဥ် ဘရိတ်နင်းတဲ့အခါ ဘရိတ်ခြေနင်းတင်းမာနေနိုင်ပြီး ကားရပ်ရန် ဘရိတ်ဖမ်းရသည့် အကွာအဝေးကို ပိုများသွားစေနိုင်သည်။

**မေး2: Brake Booster ရဲ့လုပ်ဆောင်ချက်က ဘာလဲ?**

**ဖြေ2:** ဘရိတ်ခြေနင်းရဲ့ နင်းအားကိုကူ၍ ဘရိတ်ဖမ်းအားကို တိုးပေးတဲ့ ပစ္စည်းဖြစ်ပါတယ်။

**မေး3: မြန်မာဈေးကွက်ထဲက ဘယ်ကားမော်ဒယ်အမျိုးအစားတွေ ပါဝင်နေပါသလဲ?**

**ဖြေ3:**

**[မြန်မာဈေးကွက်]**

| မော်ဒယ်အမည် | မော်ဒယ်ကုဒ် | ခုနှစ် | ထုတ်လုပ်သည့်ကာလ |
|---|---|---|---|
| Hilux | GUN125 | 2018<br>2019 | June 2018<br>-<br>May 2019 |
| | GUN126 | 2018<br>2019<br>2020 | June 2018<br>-<br>May 2019 |
| | KUN122 | 2018<br>2019 | June 2018<br>-<br>May 2019 |

**မှတ်ချက်**

- အထက်ပါ ကာလသတ်မှတ်ချက်အတွင်းရှိ ကားများအားလုံး ယခုကမ်ပိန်းတွင် ပါဝင်နေခြင်းမရှိနိုင်ပါ။
- မြန်မာနိုင်ငံရှိ Toyota ကားအရောင်းစင်တာများမှ တရားဝင်ရောင်းချထားတဲ့ ကားများအနက် အစီးရေစုစုပေါင်း ၄၉၈ စီးဟာ ဤကမ်ပိန်းမှာ ပါဝင်နေပါတယ်။
- အခြားနည်းလမ်းများဖြင့် တင်သွင်းထားတဲ့ ကားအရေအတွက်မည်မျှ ကမ်ပိန်းမှာပါဝင်နေသည်ကိုတော့ သိနိုင်ခြင်းမရှိပါ။

**မေး4: ဒီပြဿနာရှိနေရင် ဘယ်လိုလက္ခဏာတွေ ပေါ်တတ်ပါသလဲ?**

**ဖြေ4:** ဘရိတ်ခြေနင်းအနီးပတ်ဝန်းကျင်တွင် လေယိုစိမ့်သံဖြစ်ပေါ်နိုင်သည်။

**<u>မေး5:   Toyota က ဘာလုပ်ပေးမှာလဲ?</u>**

**ဖြေ5:** Toyota အသိအမှတ်ပြု ဆားဗစ်စင်တာများတွင် ကမ်ပိန်းတွင်ပါဝင်နေသည့် ကားများ၏ Brake Booster များကိုစစ်ဆေးပေးမည်ဖြစ်ပြီး လိုအပ်ပါက လဲလှယ်ပေးပါမည်။ အဆိုပါ လဲလှယ်ပေးခြင်းအတွက် ကားပိုင်ရှင်များကို **အခကြေးငွေကောက်ခံခြင်း လုံးဝမရှိပါ။**

**<u>မေး6:   ပြုပြင်မှုအတွက် အချိန်ဘယ်လောက်ကြာပါသလဲ?</u>**

**ဖြေ6:** Brake Booster စစ်ဆေးခြင်းနှင့် လိုအပ်လျှင်လဲလှယ်သည့် လုပ်ငန်းစဉ်အတွက် ခန့်မှန်းကြာချိန် ဆယ်မိနစ်မှ လေးနာရီခွဲခန့်အထိ ရှိနိုင်ပါသည်။ ထို့အပြင် လဲလှယ်ချိန်သည် ဆားဗစ်စင်တာ၏ အချိန်ဇယားနှင့် လုပ်ငန်းဆောင်တာများအပေါ်တွင်လည်း မူတည်ကာ ပိုမိုကြာမြင့်နိုင်သောကြောင့် လာရောက်လဲလှယ်ရာတွင် ၎င်းအချက်ကိုလည်း ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါသည်။

**<u>မေး7:   Toyota/Lexus မော်ဒယ်များတွင် ဒီပြဿနာဖြစ်ပွားနိုင်ပါသလား?</u>**

**ဖြေ7:** မြန်မာဈေးကွက်အတွင်း Toyota ကားအရောင်းစင်တာများမှ တရားဝင်ရောင်းချထားသည့် ကားများအတွက်တော့ အဖြေနံပါတ်-၃ တွင် ဖော်ပြထားသည့် မော်ဒယ်များသာ ပါဝင်ပါသည်။
အကယ်၍သင့် Hilux ကားကို အခြားနည်းလမ်းဖြင့်တင်သွင်းထားပါက သင့်ကားသည် Recall / Special Service Campaign တစ်ခုခုတွင်ပါဝင်နေခြင်းရှိ မရှိကို အဖြေနံပါတ်-၈ ကိုမှီငြမ်း၍ စစ်ဆေးနိုင်ပါသည်။

**<u>မေး8:   သင့်ကားမှာရော ဒီပြဿနာဖြစ်လာနိုင်လား?</u>**

**ဖြေ8:** သင့်ကားဟာ Recall / Special Service Campaign တစ်ခုခုမှာ ပါဝင်နေခြင်းရှိ မရှိကို Toyota Myanmar Website ရှိ "Special Service Campaign" ကဏ္ဍတွင် စစ်ဆေးနိုင်ပါသည်။
အကယ်၍ပါဝင်နေပါက "ဆက်သွယ်မှုရယူမည်" ဆိုတဲ့ ခလုတ်ကိုနှိပ်ပြီး လိုအပ်တဲ့အချက်အလက်လေးတွေကို ဖြည့်ပေးကာ လဲလှယ်ပေးရန် အကြောင်းကြားနိုင်ပါသည်။ ကျွန်တော်တို့ Toyota ဘက်မှ အမြန်ဆုံးပြန်လည် ဆက်သွယ်ပေးပါမည်။